**သတင်းထုတ်ပြန်ချက်: ဗွီးရှင်းဖန်(ဒ်)မြန်မာနှင့် အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT) တို့ ပူးပေါင်း၍လားရှိုးမြို့ ၌အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုများ ပေးနေခြင်း**

လားရှိုး, မေ ၃၀ ၂၀၁၇-ဗွီးရှင်းဖန်(ဒ်)မြန်မာသည်LIFTအဖွဲ့ အစည်းနှင့်ပူးပေါင်း၍အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုများကို ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လားရှိုးမြို့ ၌ပေးနေပါသည်။ VisionFund Myanmar လားရှိုးရုံးခွဲသည် ၂၀၁၆ခုနှစ်၊ ဧပြီလမှစတင်၍၊ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်အတွင်းရှိ မိသားစုများကို လက်လှမ်းမီသလောက် ချေးငွေ ယူသူ အယောက် နှစ်ထောင်ကျော်ကို အသေးစားချေးငွေများဖြင့် အရင်းအနှီးများ ထုတ်ပေးလျက်ရှိပါသည်။ ယနေ့ မေ ၃၀တွင် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ဗွီးရှင်းဖန်(ဒ်)၊LIFT၊ ဝေါလ်ဗွီးရှင်း တို့ မှကိုယ်စားလှယ်များ နှင့်တကွ လားရှိုးမြို့ နယ်ရှိဌာနဆိုင်ရာ အရာရှိများဖြင့် ဗွီးရှင်းဖန်း(ဒ်)မြန်မာ လားရှိုးရုံးခွဲ ကို စည်ကားသိုက်မြိုက်စွာဖွင့်လှစ်ကျင်းပမှာဖြစ်ပါသည်။

VisionFund Myanmar လားရှိုးရုံးခွဲသည် LIFT အဖွဲ့ အစည်း၏ပံ့ပိုးပေးမှုဖြင့် တောင်တန်းဒေသရှိ ပြည်နယ်၄ခု အတွက် အကောင်ထည်ဖော်နေသော အသေးစားငွေရေးကြေးရေးနှင့် အခြားငွေကြေးဆိုင်ရာဝန်ဆောင်မှုများဖြင့် စီပွားရေးနှင့် လူမှုရေးဆိုင်ရာ မြှင့်တင်ခြင်းစီမံကိန်းတွင် တခုအပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံ၏လူဦးရေ၃၂ ရာခိုင်နှုန်းသည်ဆင်းရဲနွမ်းပါးသည့်အခြေနေအောက်တွင်ရှိနေပြီးဗွီးရှင်းဖန်(ဒ်)မြန်မာသည် ကလေးသူငယ်များနှင့် မိသားစုဘဝများဘက်စုံဖွံ့ ဖြိုး တိုးတက်လာစေရန် ရည်ရွယ်၍ အတိုးနှုန်းသက်သာသောအသေးစားချေးငွေလုပ်ငန်းအားဖြင့် နိုင်ငံတော်၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို ပံ့ပိုး ဆောင်ရွက်လျက်ရှိပါသည်။ ဝင်ငွေနည်းပါးသောမိသားစုများနှင့် အရင်းအနှီးနည်းသောလုပ်ငန်း လုပ်ကိုင်သူမိသားစုများအား တနိုင်တပိုင်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီးပံ့ပိုးပေးခြင်းအားဖြင့် ထိုမိသားစုဝင်များ၏ လူမှုစီးပွားရေးဆိုင်ရာလိုအပ်ချက်များ တိုးတက်လာစေရန် လုပ်ဆောင်နေပါသည်။ဗွီးရှင်းဖန်(ဒ်) သည် LIFT ၏ပံ့ပိုးပေးမှုဖြင့် ကချင်၊ကယား၊ကရင်နှင့် ရှမ်းပြည်နယ်တွင် ရုံးခွဲ ၉ခုဖြင့် အကောင်အထည် ဖော်လျက်ရှိပါသည်။

"အသေးစားချေးငွေပေးခြင်းအားဖြင့် မိသားစုတွေရဲ့ အသေးစားစီးပွားရေးတွေ တိုးတက်လာပြီး ဒီဆင်းရဲ နွမ်းပါးခြင်းထဲကနေ ရုန်းထွက်နိုင်ဖို့ ကျွန်တော်တို့ VisionFund Myanmar မှ ကူညီပေးနေပါတယ်။ မှန်ကန်တဲ့ အထောက်အပံ့အားဖြင့် စီးပွားလုပ်ငန်းလုပ်ဆောင်နေကြတဲ့ မိသားစုများကို အထောက်အကူ ဖြစ်ရုံသာမက သူတို့ ရဲ့ ပတ်ဝန်းကျင်၊ အိမ်နီးနားချင်းတွေအတွက် လည်း အကျိုးအမြတ် ခံစားနိုင်တဲ့ အလားအလာရှိပါတယ်"ဟု ဗွီးရှင်းဖန်(ဒ်)မြန်မာ၏ အမှုဆောင် အရာရှိချုပ်Rommel Caringal မှ ပြောပါသည်။ ""လားရှိုးမြို့ မှာ နေထိုင်ကြတဲ့ သူတွေကိုလည်း သူတို့ ရဲ့ အလားအလာရှိတဲ့ စီပွားရေးတွေကို အောင်မြင်နိုင်အောင် လမ်းဖွင့်ပေးနေလျက်ရှိပြီး၊ ဆက်လက်ပြီးတော့ဒီထက်ပိုပြီးတော့ကူညီလက်ကမ်းပေးဖို့ မျှော်လင့်ပါတယ်။" ဟု Mr. Rommel မှ ထပ်မံဖြည့်စွက် ပြောပါသည်။

"ငွေကြေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသူများ နှင့် ထိုဝန်ဆောင်မှုများကို လက်လှမ်းမီရေးတို့အကြား ကြီးမားတဲ့ ကွာဟမှုများဟာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးမှာ စိန်ခေါ်မှုတစ်ရပ်အနေနဲ့ ရှိနေဆဲဖြစ်ကြောင်း" အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ LIFT ၏ ရန်ပုံငွေ ညွှန်ကြားရေးမှူး မစ်စတာ အန်ဒရူးကာဒ့်ဝုဒ် က ပြောပါသည်။

"ဝင်ငွေနည်းပါးတဲ့ ပြည်သူများဟာ တာဝန်ယူမှုအပြည့်ရှိတဲ့ ချေးငွေများကို လက်လှမ်းမီလာတာနဲ့ အမျှ မိမိတို့စီပွားရေး ကောင်းမွန်ရန် အတွက် များစွာ အထောက်အကူဖြစ်နိုင်တဲ့အပြင် လုပ်ငန်းကျွမ်းကျင်မှုနဲ့ ပေါင်းစပ်ပြီး သူတို့စီးပွားရေးမှာ အမြတ်ဝင်ငွေကို ပိုမိုရရှိနိုင်မှာ ဖြစ်ပြီး သူတို့ရဲ့ မိသားစုဘဝ မြင့်မားတိုးတက်လာမှာ ဖြစ်ပါတယ်။ စွန့်ဦးတီထွင်တဲ့ စိတ်ဓါတ်အပြည့်ရှိတဲ့ မြန်မာနိုင်ငံသားများအတွက် လက်လှမ်းမီနိုင်သော ငွေကြေးဝန်ဆောင်မှု အခွင့်အရေးများ ထပ်လောင်းပေးလိုက်ခြင်းသည် မိသားစု စီးပွားရေး မျှော်မှန်းချက်တွေကို ရောက်ရှိဖို့ အဓိက အခန်းကဏ္ဍမှာ ပါနေပါတယ်" လို့ မစ်စတာ ကာဒ့်ဝုဒ်က ပြောပါသည်။

ဗွီးရှင်းဖန်(ဒ်)သည်ဝေါလ်ဗွီရှင်နှင့်အတူ ကလေးသူငယ်များ၏ ဘဂတိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ဒေသဖွံဖြိုးရေး လုပ်ငန်းများတွင် ငွေရေးကြေးရေးဂန်ဆောင်မှုအစီအစဉ်ကို ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။

"ခုခံကာကွယ်နိုင်စွမ်း အနည်းပါးဆုံးသော မိသာစုများနဲ့ ရပ်ရွာလူထုတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ ကျွန်တော်တို့ရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို တိုးချဲ့ဆောင်ရွက်ဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ ဒီ လုပ်ငန်းစဉ် တွေကနေ တစ်ဆင့် အမျိုးသမီးတွေရဲ့ဘဝကို မြှင့်တင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါမှသာ ကလေးတွေကို ပြုစုပျိုးထောင်နိုင်ပြီး ကာကွယ်သွားနိုင်မှာ ဖြစ်ပါတယ်။ "ဟု ဝေါလ်ဗီရှင်မြန်မာ၏ ဌာနေကိုယ်စားလှယ် Mr. Suresh Bartlet က ပြောပါသည်။

## ဗွီးရှင်းဖန်(ဒ်)မြန်မာ

ဗွီးရှင်းဖန်(ဒ်) သည် အာရှ ,အာဖရိက, အရှေ့ဥရောပ နှင့် လက်တင် အမေရိက ရှိ နိုင်ငံပေါင်း ၃၀ နိုင်ငံတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းများဆောင်ရွက်လျှက်ရှိပါသည်။ ဗွီးရှင်းဖန်(ဒ်)မြန်မာသည် ၃၀နိုင်ငံအနက် တစ်နိုင်ငံအဖြစ်ပါဝင်သည်။ ဗွီးရှင်းဖန်(ဒ်)မြန်မာအသေးစားငွေရေးကြေးရေးကုမ္ပဏီလိမိတက်သည်လွန်ခဲ့သည့်၁၀နှစ်ကျော်ကတည်းက ဝေါလ်ဗွီးရှင်၏အသေးစားငွေချေးစပ်တူလုပ်ငန်းဖော်အဖြစ်ကလေးသူငယ်များ၏ဘဝများကိုတိုးတက်စေရန်အတွက်ဝင်ငွေနည်းသော(ဆင်းရဲသော)မိသားစုဝင်များကိုအသေးစားချေးငွေနှင့်အခြားသောငွေကြေးဆိုင်ရာဝန်ဆောင်မှု များကိုဆောင်ရွက်ပေးရန်ဖြစ်သည်။ လက်ရှိ တွင် VFM သည် ငွေချေးထုတ်ယူသူ အယောက် တစ်သိန်းကျော် (အမျိုးသမီးငွေစုအဖွဲ့ဝင် ၈၇%) နှင့် ငွေပမာဏ ဒေါ်လာ ၁၇သန်းဖြင့် လည်ပတ်ဆောင်ရွက်လျှက်ရှိပါသည်။

ထပ်မံသိရှိလိုသော အချက်အလက်များအတွက် www.visionfundmyanmar.org  တွင် လေ့လာနိုင်ပါသည်။

**အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT**) ကို အလှူရှင်များစုပေါင်းကာ မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများ၏ လူမှုဘဝမျှော်လင့်ချက်များ ပိုမိုကောင်းမွန်စေရန်အတွက် ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပ သမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း နှင့် အမေရိကန် ပြည်ထောင်စု တို့၏ ရက်ရောစွာ ထည့်ဝင်လှူဒါန်းမှုနှင့် ပုဂ္ဂလိကမှ မစ်ဆူဘီရှီကော်ပိုရေးရှင်းတို့၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံတွင် ၂၀၁၀ခုနှစ်က စတင်တည်ထောင်ခဲ့သည်။ ရန်ပုံငွေများကို အကူအညီများ ထိရောက်စေရေး မူဝါဒများအတိုင်းဆောင်ရွက်သည်။ အလှူရှင်များ၏ တောင်းဆိုမှုဖြင့် ရန်ပုံငွေ၏ လုပ်ပိုင်ခွင့်သက်တမ်းကို နှစ်ကြိမ်တိုင်တိုးမြှင့်ခဲ့ပြီး အနည်းဆုံး ၂၀၁၈ခုနှစ်ကုန်အထိ စီမံချက်များ ဆောင်ရွက်သွားမည်။ LIFT ကို UNOPS မှ စီမံခန့်ခွဲသည်။

ထပ်မံသိရှိလိုသော အချက်အလက်များအတွက် http://www.lift-fund.org တွင် လေ့လာနိုင်ပါသည်။

## ဝေါလ်ဗွီးရှင်မြန်မာ

ဝေါလ်ဗွီးရှင်သည် ခရစ်ယာန်အခြေပြုအဖွဲ့ အစည်းဖြစ်ပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် အရေးဆိုဆောင်ရွက်ရေးများလုပ်ငန်းများမှတစ်ဆင့် ဆင်းရဲနွမ်းပါးသော မိသားစုနှင့် ကလေးများ၏ ဘဝတွင် အပြောင်းအလဲဖြစ်စေရေး ဆောင်ရွက်နေပါသည်။ ဝေါလ်ဗွီးရှင်မြန်မာသည် မြန်မာနိုင်ငံတွင် ၁၉၉၁ခုနှစ်က စတင်၍ လုပ်ငန်းများဆောင်ရွက်ခဲ့ပြီးလက်ရှိတွင် စီမံကိန်း ၅၀ကျော်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်၁၂ ခုတို့ တွင် ဝန်ထမ်းအယောက် ၇၀၀ကျော် နှင့် စေတနာ့ဝန်ထမ်း ၅၀၀၀ ဖြင့် လုပ်ငန်များ အကောင်အထည်ဖေါ် လျက် ရှိနေပါသည်။ ဝေါလ်ဗွီးရှင်မြန်မာ၏ လုပ်ငန်းမှတစ်ဆင့် လူဦးရေ တစ်သန်းကျော် နှစ်စဉ်အကျိုးခံစားရရှိလျှက်ရှိပါသည်။

ထပ်မံသိရှိလိုသော အချက်အလက်များအတွက် http://www.wvi.org/myanmar တွင်လေ့လာနိုင်ပါသည်။

**ပို၍ သိရှိလိုပါက ဆက်သွယ်ရန်**

**For more information and media interviews please contact:**


Ruth Nyun - VisionFund Myanmar | (+ 95 9) 79 3112 598 | Ruth_Nyun@wvi.org

Lyndal Pearce - Livelihoods and Food Security Trust Fund | [(+95-9) 4500 33610| lyndalp@unops.org

Naw Phoebe - World Vision Myanmar | (+ 95 9) 976 231 321 | Naw_Phoebe@wvi.org